ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ်၊ မတလ - ၀၂၉/၂၀၁၉ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ-၂၅(ဃ)အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ဦးခွန်ထီးဆိုင်

(၂) နိုင်ငံသား မြန်မာ

(၃) နေရပ်လိပ်စာ အမှတ်(၁၄၆)၊ (၈)လွှာ၊ မင်္ဂလာလမ်း၊ မေတ္တာလမ်း နှင့် ရတနာလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ -

(၅) ဖွဲ့စည်းရာအရပ် -

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ကွန်ကရစ်ကျောက်တိုင်များ ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ဦးပိုင်အမှတ်(၂၇၈/၁၊၂၇၆/၃၃၄)၊ ကွင်းအမှတ်(၁၁၇) တောင်ရင်းကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊မန္တလေးတိုင်းဒေသကြီး။

(၈) နိုင်ငံခြားမတည်ငွေရင်း ပမာဏ -

(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ -

(၁၀) စုစုပေါင်း မတည်ငွေရင်း ပမာဏ(ကျပ်) ကျပ်၅၃၃၁.၀၉၅သန်း(အမေရိကန်ဒေါ်လာ ၀.၈၀၉ သန်း အပါအဝင်)

(၁၁) တည်ဆောက်မှု/ ပြင်ဆင်မှုကာလ ၁(တစ်)နှစ်

(၁၂) အတည်ပြုမိန့်သက်တမ်း ၂၀(နှစ်ဆယ်)နှစ်

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် MYANMAR CONCRETE POLES COMPANY LIMITED

3/9/2019

(ဒေါက်တာဇော်မြင့်မောင်)

ဥက္ကဋ္ဌ

Form (5-B)

THE REPUBLIC OF THE UNION OF MYANMAR

Mandalay Region Investment Committee
ENDORSEMENT

Endorsement No. MDY- 029 /2019 Dated 3 September, 2019

This Endorsement is issued by the Mandalay Region Investment Committee according to the section 25(d) of the Myanmar Investment Law-

(1) Name of Investor U KHUN HTEE SENG

(2) Citizenship MYANMAR

(3) Residence Address No(146), (8^{th})FLOOR, MINGALAR ROAD, BETWEEN MYITTAR STREET AND YADANAR STREET, SOUTH OKKALARPA TOWNSHIP, YANGON REGION.

(4) Name and Address of Principle Organization -

(5) Place of Incorporation -

(6) Type of Business PRODUCTION AND SELLING OF CONCRETE POLES

(7) Place(s) of investment Project HOLDING NO(278/1, 276/334), KWIN NO(117), TAUNGYIN VILLAGE GROUP, SINTGAING TOWNSHIP , KYAUKSEL DISTRICT, MANDALAY REGION.

(8) Amount of Foreign Capital -

(9) Period for Foreign Capital to be brought in -

(10) Total Amount of Capital (Kyat) KYAT 5331. 095 MILLION (INCLUDING US$ 0.809 MILLION)

(11) Construction/ Preparation Period 1(ONE)YEAR

(12) Validity of Endorsement 20(TWENTY)YEARS

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in Myanmar MYANMAR CONCRETE POLES COMPANY LIMITED

3/9/2019

(Dr. Zaw Myint Maung)
Chairman

MDY MRIC

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

၅၅လမ်း၊၄၀လမ်းနှင့်၄၁လမ်းကြား၊မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့

Ph: ၀၂-၂၈၄၈၂၄၁၊၀၂-၂၈၄၈၂၄၂၊၀၂-၂၈၄၈၂၄၃ စာအမှတ်၊ ၂၂ / ၄၄ / ၀၃ (မ-၃၀)(၇၄၆ / ၂၀၁၉)

Fax: ၀၂-၄၀၆၀၁၁၈ ရက်စွဲ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ <၃> ရက်

အကြောင်းအရာ။ **Myanmar Concrete Poles Co., Ltd. ၏ ကွန်ကရစ် ကျောက်တိုင်များ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း အတည်ပြုလျှောက်ထားလွှာအပေါ် မန္တလေး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏ ဆုံးဖြတ်ချက်**

ရည်ညွှန်းချက်။ Myanmar Concrete Poles Co., Ltd. ၏ ၂၀၁၉ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့စွဲပါစာ

၁။ Myanmar Concrete Poles Co., Ltd. (ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု)မှ ဦးပိုင်အမှတ်(၂၇၈/၁၊ ၂၇၆/၃၃၄)၊ ကွင်းအမှတ်(၁၁၇)၊ တောင်ရင်းကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊မန္တလေးတိုင်းဒေသကြီးရှိ မြေ ၄ဧက(၁၆၁၈၇.၄၄ စတုရန်းမီတာ)တွင် ကွန်ကရစ် ကျောက်တိုင်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြခြင်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများကို ကျင့်သုံးလျက် Myanmar Concrete Poles Co.,Ltd. အား ကွန်ကရစ် ကျောက်တိုင်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ်၊ မတလ-၀၂၉/၂၀၁၉ ကို ထုတ်ပေးလိုက်သည်။

၂။ Myanmar Concrete Poles Co., Ltd. အနေဖြင့် ဤ အတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) လုပ်ငန်း၏ အတည်ပြုမိန့် သက်တမ်းကို မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတည်ပြုမိန့် ရရှိသည့်နေ့မှစ၍ ကနဦး၂၀ (နှစ်ဆယ်) နှစ် ခွင့်ပြု သည်။

(ခ) Myanmar Concrete Poles Co., Ltd. အနေဖြင့် ဤအတည်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း

(၁၈)၊ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ဃ) Myanmar Concrete Poles Co., Ltd.သည် ဤအတည်ပြုမိန့်အရထုတ်လုပ်မှု ရည်မှန်းချက်များကိုအနိမ့်ဆုံးရည်မှန်းချက်များအဖြစ်ထားရှိဆောင်ရွက်အကောင် အထည်ဖော်ရမည်။

(င) Myanmar Concrete Poles Co., Ltd.အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၊၆၅ နှင့်နည်းဥပဒေအခန်း(၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) Myanmar Concrete Poles Co., Ltd.သည် လုပ်ငန်းဆောင်ရွက်ရာတွင် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မှ ပြဋ္ဌါန်း ထုတ်ပြန်ထားပြီး ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင် ဖော်ပြ ပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန် ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) Myanmar Concrete Poles Co.,Ltd. သည် လုပ်ငန်းဆောင်ရွက်ရာ တွင် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်း ကာကွယ်ရေးစနစ်များကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိဆောင် ရွက်ရမည်ဖြစ်ပြီး မီးသတ် ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(ဇ) Myanmar Concrete Poles Co., Ltd.သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း သက်တမ်း ကာလ အတွင်းအခြား ပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း နှင့် လုပ်ငန်းလွှဲပြောင်းခြင်း တို့ကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ဥပဒေ ပုဒ်မ၊၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(ဈ) Myanmar Concrete Poles Co., Ltd.သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရနှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း

သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်(ဘ်)ဆိုဒ်သို့ တင်ပြရမည်။

(ည) Myanmar Concrete Poles Co., Ltd.သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇အရ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်က သတ်မှတ်တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ Myanmar Concrete Poles Co., Ltd.အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅(ဃ)အရ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄။ Myanmar Concrete Poles Co., Ltd.သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြား လိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်းစာချုပ်ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင် ဖြစ်စေ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ(၅)စုံစီ အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် နှင့် မန္တလေးတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ ပေးပို့ရမည်။

(ဒေါက်တာဇော်မြင့်မောင်)
ဥက္ကဋ္ဌ

Myanmar Concrete Poles Co., Ltd.

ဖြန့်ဝေခြင်း

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

(၂) ပြည်ထဲရေးဝန်ကြီးဌာန။

(၃) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

(၄) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

(၅) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

(၆) စက်မှုဝန်ကြီးဌာန။
(၇) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
(၈) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။
(၉) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး။
(၁၀) မန္တလေးတိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။
(၁၁) မန္တလေးတိုင်းဒေသကြီးလျှပ်စစ်၊စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန။
(၁၂) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။
(၁၃) ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန။
(၁၄) ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန။
(၁၅) ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။
(၁၆) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန။
(၁၇) ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန။
(၁၈) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။
(၁၉) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။
(၂၀) ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
(၂၁) မန္တလေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန။
(၂၂) မန္တလေးတိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန။
(၂၃) မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
(၂၄) မန္တလေးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။
(၂၅) မန္တလေးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားမှုဦးစီးဌာန။
(၂၆) ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၂)၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
(၂၇) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
(၂၈) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။